ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၇၄ / ၂၀၁၆)**

၁၃၈၈ ခုနှစ်၊ ပထမဝါဆို လဆန်း ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

# နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union-JCIPU) ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇-ခ နှင့်အညီ ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် **နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union - JCIPU)** ကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) ဒေါက်တာပွင့်ဆန်း | ရပ်စောက်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) ဦးယောအေးလှ | နန်းယွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) ဦးမိုးမင်းဦး | ငဖဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) ဦးအောင်ကျော်သူ | မလှိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) ဒေါ်ဇာခြည်လွင် | မိုးညှိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) နန်းကျင်း(ခ) နန်းစိန် | တောင်ကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ်၊ကိုယ်စားလှယ်အမှတ် (၁၁) | အဖွဲ့ဝင် |
| (ဇ) ဦးထွန်းလင်း | ရှမ်းပြည်နယ်၊ကိုယ်စားလှယ်အမှတ် (၉) | အဖွဲ့ဝင် |
| (ဈ) ဒေါက်တာစောနေလင်းအောင် | ကရင်ပြည်နယ်၊ ကိုယ်စားလှယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ည) ဒေါ်မိမိကျော်ထွန်း | ကချင်ပြည်နယ်၊ ကိုယ်စားလှယ်အမှတ် (၄) | အဖွဲ့ဝင် |
| ( ဋ ) ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ်၊ ကိုယ်စားလှယ်အမှတ် (၁၂) | အဖွဲ့ဝင် |
| ( ဌ ) ဒုတိယဗိုလ်မှူးကြီးနေလင်းအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဍ ) ဗိုလ်မှူးသက်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ( ဎ ) ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၅) အတွင်းရေးမှူး | |

၂။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union-IPU) တို့အကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတကာပါလီမန်များ အဖွဲ့ဝင်လွှတ်တော်များအကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတကာပါလီမန်များအဖွဲ့ဝင် လွှတ်တော်များ၊ အခြားသောနိုင်ငံတကာလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ချစ်ကြည်ရင်းနှီးစွာဆက်ဆံမှုတို့ တိုးတက်လာရေးကို အလေးထားဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ အစည်းအဝေးများ၊ ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခြင်း၊ မြန်မာလွှတ်တော်ကို ကိုယ်စားပြု၍ တင်ပြဆွေးနွေးခြင်းတို့နှင့် စပ်လျဉ်း၍ ကြိုးကြပ်ဆောင်ရွက်ခြင်း၊

(င) ဤပူးပေါင်းကော်မတီဝင်များက အဖွဲ့ဝင်အဖြစ်ပါဝင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(စ) နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံမှ အတည်ပြုချမှတ်ထားသည့် မူဝါဒများ၊ ရည်ရွယ်ချက်များ၊ ဆုံးဖြတ်ချက်များ၊ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ဆောင်ရွက်ခြင်း၊

(ဆ) အပိုဒ်ခွဲ (စ) ပါ ကိစ္စရပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းနှင့် ယင်းဆောင်ရွက်မှုကို နိုင်ငံတကာပါလီမန်များအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်းကို ဆောင်ရွက်ခြင်း၊

(ဇ) ကော်မတီလုပ်ငန်းများအတွက် ပြည်ထောင်စုလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ ကော်မတီအဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် နာယကသည် လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၄။ ကော်မတီ၏သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်သည်။

၅။ ကော်မတီ၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ပြည်ထောင်စုလွှတ်တော်ရုံး AIPA/ IPU Myanmar National Secretariat (နိုင်ငံတကာဆက်ဆံရေးဌာန) က တာဝန်ယူဆောင်ရွက်ရမည်။

(ပုံ)အောင်လင်းဒွေး

နာယက